# နအဖအမျိုးသားညီလာခံအား အိန္ဒိယရောက် အတိုက်အခံများ ကန့်ကွက်ဆန္ဒပြ

ထင်ကျော်

၆ ဒီဇင်ဘာ ၂၀၀၅ / ၁၁း၁၀




အိန္ဒိယနိုင်ငံ အထက်လွှတ်တော်အမတ် မစ္စ နီမလာဒေ့ရှ်ပန်ဒေး အားပေးစကားပြောကြားနေစဉ်

နအဖစစ်အစိုးရက ပြန်လည်ကျင်းပသည့် အမျိုးသားညီလာခံအား အိန္ဒိယနိုင်ငံရောက် မြန်မာ့ဒီမိုကရေစီအင်အားစုများက ယမန်နေ့တွင် ကန့်ကွက်ဆန္ဒပြပွဲတရပ် ပြုလုပ်သည်။

အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့၌ကျင်းပသည့် ကန့်ကွက်ဆန္ဒပြပွဲတွင် ရွေးကောက်ခံ ရခိုင်အမျိုးသား ဒီမိုကရေစီပါတီမှ လွှတ်တော်ကိုယ်စားလှယ် ဦးဦးသာနို့က "ပြန်လည်ကျင်းပတဲ့ နအဖရဲ့ အမျိုးသားညီလာခံဟာ သူတို့စစ်အာဏာရှင်စနစ် သက်ဆိုးရှည်ဖို့ကြိုးစားတဲ့ အတုအယောင် အမျိုးသားညီလာခံပဲ။ ဒါကို ကျနော်တို့ အိန္ဒိယနိုင်ငံရောက် ဒီမိုကရေစီအင်အားစုတွေက ပြင်းပြင်းထန်ထန် ကန့်ကွက်တယ်" ဟုပြောသည်။

ကန့်ကွက်ဆန္ဒပြပွဲသို့ အိန္ဒိယနိုင်ငံ အထက်လွှတ်တော်အမတ်များ ပူးပေါင်းပါဝင်ခဲ့ကြပြီး မြန်မာနိုင်ငံ ဒီမိုကရေစီရရှိရေး လှုပ်ရှားမှုကို အိန္ဒိယနိုင်ငံ အထက်လွှတ်တော်နှင့် အောက်လွှတ်တော် အမတ်အများစုက ထောက်ခံကြသည်။

အိန္ဒိယနိုင်ငံ အထက်လွှတ်တော်အမတ် မစ္စ နီမလာဒေ့ရှ်ပန်ဒေးက "ဒေါ်အောင်ဆန်းစုကြည်ကို ချက်ချင်းပြန်လွှတ်ပေးပါ၊ နိုင်ငံရေးအကျဉ်းသားတွေအားလုံးကို ပြန်လွှတ်ပေးပါ။ ကျမတို့ အိန္ဒိယပြည်သူတွေဟာ ဒီမိုကရေစီလိုလားတဲ့ မြန်မာပြည်သူတွေနဲ့ အတူရှိနေတယ်" ဟု ပြောဆိုသည်။

အိန္ဒိယဝန်ကြီးချုပ်ရုံးနှင့် မြန်မာသံရုံးသို့ ပေးပို့သော အိန္ဒိယနိုင်ငံရောက် မြန်မာ့ဒီမိုကရေစီအင်အားစုများ၏ ထုတ်ပြန်ချက်ထဲတွင်လည်း ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားများအားလုံး ပြန်လွှတ်ပေးရန်နှင့် စစ်မှန်သော အမျိုးသားညီလာခံ ဖြစ်ပေါ်ရေးအတွက် နိုင်ငံရေးပါတီများ အားလုံးပါဝင်သော အဓိပ္ပာယ်ရှိသည့် တွေ့ဆုံဆွေးနွေးပွဲတခုရှိရန် နအဖအား တောင်းဆိုထားသည်။

ယမန်နေ့က ရန်ကုန်တိုင်း၊ မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်စခန်း၌ ပြန်လည်ကျင်းပသည့် အမျိုးသားညီလာခံသို့ ပြည်နယ်နှင့်တိုင်းများမှ စစ်အစိုးရရွေးချယ်ထားသော ကိုယ်စားလှယ်များနှင့် အပစ်အခတ်ရပ်စဲရေးအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်နေကြပြီး အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းကို အသေးစိတ်အခြေခံရမည့်မူများကို အတည်ပြုမည်ဖြစ်ပြီး ကျန်ခေါင်းစဉ်များကိုပါ ဆွေးနွေးမည်ဖြစ်သည်။

ရှမ်း၊ မွန်၊ ရခိုင်၊ ချင်းနှင့် ဗိုမီးအပါအဝင် တိုင်းရင်းသားပါတီ (၁၁) ဖွဲ့က နအဖ၏ အမျိုးသားညီလာခံကို အယုံအကြည်မရှိဟုဆိုကာ မတက်ရောက်ဘဲ သပိတ်မှောက်ထားကြသည်။

အမျိုးသားညီလာခံကို ယခုနှစ် ဖေဖော်ဝါရီ (၁၇) ရက်မှ မတ်လ (၃၁) ရက်အထိ ကျင်းပခဲ့ပြီး ရပ်နားထားရာမှ ပြန်လည်ကျင်းပခြင်းဖြစ်သည်။ ■